# ရခိုင်ပြည်နယ်၌ တိုက်ခိုက်ခံရမှုများအပြီးတွင် မြန်မာနိုင်ငံသည် ပဋိပက္ခအသစ်တစ်ခုသို့ ချဉ်းနင်းဝင်ရောက်

ဩဂုတ်လ ၂၅ ရက်နေ့ အစောပိုင်းအချိန်များတွင် ၎င်းတို့ကိုယ် ၎င်းတို့ အင်္ဂလိပ်လို Arakan Rohingya Salvation Army (ARSA) (ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်) ဟုခေါ်ဆိုသော ရိုဟင်ဂျာသူပုန်အုပ်စုဖြစ်သည့် ဟာရာခါ အယ်လ်-ရာကင် (Harakah al-Yaqin) အဖွဲ့မှ စစ်သွေးကြွများသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များရှိ ရဲကင်းစခန်း ၃၀ နှင့် တပ်စခန်းများကို တပြိုင်နက်ညှိ၍ စတင်တိုက်ခိုက်ခဲ့ပါသည်။ အစိုးရက သတင်းထုတ်ပြန်ရာတွင် တိုက်ခိုက်သူများသည် လက်လုပ်မိုင်းများ၊ ဓားရှည်များနှင့် လက်နက်ငယ်အနည်းငယ်ကိုင်ဆောင်လျက် ရဲအရာရှိ ၁၀ ဦး၊ စစ်သား ၁ ဦးနှင့် လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူ ၁ ဦးတို့ကို သတ်ဖြတ်ခဲ့ပြီး သူပုန် ၇၇ ဦးကို အသေဖမ်းဆီးရမိ၍ ၁ ဦးကို အရှင်လက်ရဖမ်းမိသည်ဟု သတင်းများကဆိုပါသည်။ တပ်မတော်သည် တုန့်ပြန်ဆောင်ရွက်သည့်အနေဖြင့် ထိုနယ်မြေတလွှားတွင် "နယ်မြေရှင်းလင်းရေး" များလုပ်ဆောင်လျက်ရှိပြီး ကျေးရွာများမှ ရဲကင်းစခန်းများကို နောက်ထပ်တိုက်ခိုက်မခံရအောင် ပို၍လုံခြုံသော နေရာများသို့ ရွှေ့ပြောင်းပေးခဲ့သည်။ အချို့သောနေရာများတွင် ရင်ဆိုင်တိုက်ခိုက်မှုများရှိပြီး ရိုဟင်ဂျာလူထုရန်မှ ကာကွယ်၍ ဥပဒေစိုးမိုးမှုရှိရေးအတွက် ကိုယ်ပိုင်အစီအစဉ်များဖြင့် လုပ်ဆောင်နေသည်ဆိုသည့် သတင်းအချို့လည်းထွက်ပေါ်နေပါသည်။ ထိုဒေသတွင် နေထိုင်သူ ဗုဒ္ဓဘာသာများရော ရိုဟင်ဂျာများပါ ဒေသမှ ထွက်ပြေးရန် ကြိုးစားနေကြရသည်။ ရခိုင်ပြည်နယ်ကို ချောက်ကမ်းပါးမှ ပြန်ဆွဲတင်မည်ဆိုပါက အစိုးရအပိုင်းတွင် အချိန်မရတော့ပေ။ အစိုးရအနေဖြင့် ရခိုင်လူမျိုးနှင့်လည်းကောင်း၊ ရိုဟင်ဂျာနှင့်လည်းကောင်း သက်ဆိုင်သော ဘောင်ဝင်သည့်ကိစ္စများကို ယုံကြည်မှုရှိရှိ၊ ရဲရဲရင့်ရင့် လျင်မြန်စွာ ကိုင်တွယ်ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တင်းမာမှုများ အရေးပါစွာ မြင့်တက်လာပြီး၊ သတ်ဖြတ်ခြင်းကဲ့သို့သော စစ်သွေးကြွ လှုပ်ရှားမှုများတိုး၍ လုပ်ဆောင်လာသောလက္ခဏာများ နောက်ဆက်တွဲအနေဖြင့် ထွက်ပေါ်လာကာ မြန်မာ့တပ်မတော်မှ တပ်နေရာချထားမှုအသစ်များဖြစ်ပေါ်ပြီးနောက်တွင် ယခုအဖြစ်အပျက်ထွက်ပေါ်လာခြင်းသည် ပဋိပက္ခ၏စိုးရိမ်ဖွယ်မြင့်တက်လာမှုကို ကိုယ်စားပြုပြသနေသည်။ သူပုန်အုပ်စုသည် ပထမဆုံးတိုက်ခိုက်မှုကို ၂၀၁၆ အောက်တိုဘာလက ပြုလုပ်ခဲ့ရာ ထိုစဉ်က အနည်းငယ်ရှုတ်ထွေးပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း သုံးခုကို တပြိုင်နက်တိုက်ခိုက်ခဲ့သည်။ ထို့နောက်တွင် တပ်မတော်မှ အင်အားအလွန်အကျွံသုံးစွဲ၍ တုန့်ပြန်ဆောင်ရွက်မှုများ တစ်လကြာ လုပ်ဆောင်ခဲ့သည်။ ရလဒ်အနေဖြင့် ၂၀၁၇ ဖေဖော်ဝါရီလတွင် ရိုဟင်ဂျာ ၈၇,၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ရာ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးချက်တွင် တပ်မတော်သည် စိုးရိမ်ဖွယ်ကျူးလွန်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပြီး လူသားများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ပါဝင်နိုင်သည်ဟု သုံးသပ်ခဲ့သည်။ ပြည်တွင်းမှ စုံစမ်းစစ်ဆေးမှုများမှာမူ ထိုသို့သော ပြောဆိုမှုများကို ပယ်ချခဲ့သည်။

ရေရှည်အတွက် အဖြေရှာရန်ကိစ္စမှာ ရှင်းနေပါသည်။ သို့သော်စိန်ခေါ်မှုများတော့ရှိလိမ့်မည်။ ဖြေရှင်းရန်များကို ဩဂုတ်လ ၂၃ ရက်နေ့က ထုတ်ပြန်လိုက်သော ကိုဖီအာနန်ဦးဆောင်သော အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာတွင် အသေးစိတ်ဟုဆိုနိုင်သော အကြံပေးမှုများကို ဖော်ပြထားပြီး အစိုးရကလည်း ကြိုဆိုခဲ့သည်။ ၎င်းတွင် ရခိုင်လူမျိုးများ၏ ဘောင်ဝင်သည့် တရားမျှတမှုမရှိဟု ခံစားနေရမှုများကို ကိုင်တွယ်ဖြေရှင်းပေးရန်ဖြစ်ပြီး

တချိန်တည်းတွင် ရိုဟင်ဂျာများ၏ လွတ်လပ်စွာ သွားလာခွင့်၊ ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများကို လက်လှမ်းမီရယူခွင့်၊ နိုင်ငံရေးအရပါဝင်ခွင့်နှင့် နိုင်ငံသားရပိုင်ခွင့်များကိုလည်း သေချာစေရန် လုပ်ဆောင်ပေးရန်ဖြစ်သည်။ ယခုနောက်ဆုံးတိုက်ခိုက်မှုများသည် အစိုးရအနေဖြင့် ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် ခက်ခဲစေမည့် နိုင်ငံရေးအခြေအနေများကို ဖန်တီးလိုက်သလို အရေးပေါ်အကောင်အထည်ဖော်ရန် တွန်းအားပေးလိုက်သလိုလည်းဖြစ်ရသည်။

လက်ရှိပဋိပက္ခမှာ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဟုပြောလျှင် သို့မဟုတ် ကြိုတင်ကာကွယ်၍မရနိုင်ဟု ပြောလျှင် မှားသည်ဟုဆိုရမည်။ ၂၀၁၂ ခုနစ်က ဖြစ်ခဲ့သော မူဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှု၊ မနှစ်က သူပုန်အဖွဲ့တစ်ခု ထွက်ပေါ်လာခြင်းတို့သည် အချိန်မရွေးတစ်ခုခုဖြစ်သွားနိုင်သော ရခိုင်ပြည်နယ်၏ လှုပ်ရှားပြောင်းလဲနေမှုကို ရှင်းလင်းသော အချက်ပေးမှုဖြစ်ပြီး ပြည်နယ်အတွင်းမှ ရပ်ရွာပြည်သူအားလုံးနှင့် သက်ဆိုင်သော ကိစ္စများကို လုံခြုံရေးအရ တုန့်ပြန်ဆောင်ရွက်ရန်သာမက နိုင်ငံရေးအရပါ ကိုင်တွယ်ရန် အရေးပေါ်လိုအပ်သည်ကိုပါ အချက်ပေးနေခြင်းဖြစ်သည်။ သို့တိုင်အောင် မြန်မာအစိုးရသည် လျင်မြန်စွာ ရှေ့တိုးလုပ်ဆောင်ခြင်းမရှိခြင်း သို့မဟုတ် နက်နဲသော မူဝါဒများဖြင့် ကုစားရန် နှစ်နှင့်ချီ၍ ဆုံးဖြတ်ချက်မချနိုင်ခြင်းတို့သည် ရခိုင်ပြည်နယ်မှ မူဆလင်များအား အကြမ်းဖက်မှုများလုပ်ဆောင်ရေးအတွက် ဦးတည်သွားစေခဲ့သည်။ ဤနေရာတွင် မြန်မာလူ့အသိုင်းအဝိုင်းနှင့် ပြည်နယ်မှ အလွန်အမင်းခွဲခြားဆက်ဆံခြင်းအပြင် ရပိုင်ခွင့်များတဖြည်းဖြည်းပျောက်ဆုံးသွားခြင်း၊ အရေးပါသော သရုပ်လက္ခဏာနှင့် နိုင်ငံသားအထောက်အထားရရှိရေးတွင် အတားအဆီးများလာခြင်း၊ ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့်မရခြင်း၊ လူမှုရေးနှင့် နိုင်ငံရေးဘဝများတွင် တဖြည်းဖြည်းစည်းခြားခံလာရခြင်းနှင့် အခွင့်အရေးဆိုင်ရာ ချိုးဖောက်ကျူးလွန်ခံရခြင်းများပါဝင်သည်။ ထိုအချက်များတွင် ၂၀၁၂ က အကြမ်းဖက်မှုမှ ထွက်ပေါ်လာသော ရိုဟင်ဂျာအသိုင်းအဝိုင်းအပေါ် လက်ရှိလူသားချင်းစာနာမှုဆိုင်ရာပြဿနာများနှင့် အရပ်သားများကို ပစ်မှတ်ထားသော မနှစ်က စစ်ရေးအရချေမှုန်းမှုများက ပေါင်းထည့်လိုက်သောအခါ ARSA များအနေဖြင့် ဘောင်ဝင်လာမှုနှင့် ဒေသခံရပ်ရွာနေသူများအကြားအခြေပြု၍ လူသစ်စုဆောင်းရန် ရေခံမြေခံတစ်ခု ဖန်တီးပေးလိုက်သလိုဖြစ်ရပြီး ၎င်းတို့ကို သဘောမတူသည့် ရိုဟင်ဂျာများကို ပိုမိုလွယ်ကူစွာ ခြိမ်းခြောက်ခြင်းနှင့် သတ်ဖြတ်ခြင်းများလုပ်ဆောင်လာကာ ပြည်နယ်မှ စစ်မှန်သောအကာအကွယ်ပေးမှုများ ပျောက်ဆုံးလာခဲ့သည်။

မြန်မာအစိုးရအတွက် ပြီးခဲ့သော အကြမ်းဖက်မှုအဖြစ်အပျက်များမှလည်းကောင်း၊ လက်ရှိပဋိပက္ခမှလည်းကောင်း ရှင်းလင်းနေသော သင်ခန်းစာယူစရာများရှိပါသည်။ Crisis Group အနေဖြင့် အကြိမ်ကြိမ်မှတ်သားမိသည်မှာ အင်အားများပြားစွာ အသုံးပြုသည့် တပ်မတော်၏ တုန့်ပြန်မှုများသည် ကျယ်ပြန့်သော နိုင်ငံရေးမဟာဗျူဟာနှင့် မူဝါဒမူဘောင်၏ အစိတ်အပိုင်းများတွင်မပါဝင်ပဲ အခြေအနေကို ပိုဆိုးစေသည်ကိုသာဖြစ်စေသည်ဟူ၍ဖြစ်သည်။ အနီးကပ်ဆုံးအနာဂတ်တွင် အကယ်၍တပ်မတော်၏ တုန့်ပြန်ဆောင်ရွက်မှုများသည် အကြမ်းဖက်မှုသံသရာကို ပိုဆိုးအောင် သက်ဆိုးမရှည်စေလိုပါက ၎င်းတို့အနေဖြင့် လိုအပ်သည့် ပမာဏထက် အင်အားကျော်လွန်အသုံးမပြုရန် အချိုးအစားနှင့်ပတ်သက်သော မူများ (principle of proportionality) နှင့် သူပုန်များနှင့် ရိုဟင်ဂျာအရပ်သားများကို ခွဲခြားမှုများပြုလုပ်ရန်ကို လေးစားလိုက်နာရမည်ဖြစ်သည်။ တိုက်ပွဲအတွင်း ပိတ်မိနေသော၊ ထွက်ပြေးနေသော အရပ်သားအားလုံးကို အကာအကွယ်ပေးရမည်ဖြစ်သည်။ ထို့အပြင် လူသားချင်းစာနာမှုလုပ်ဆောင်နေသော အေဂျင်စီများနှင့် မီဒီယာများကို သက်ရောက်မှုဒဏ်ခံရသော နယ်မြေများသို့ ကန့်သတ်မှုများမပြုလုပ်ပဲ ဝင်ရောက်ခွင့်ပေးရမည်ဖြစ်သည်။ သို့မဟုတ်ပါက အန္တရာယ်ကြီးပြီး ပြင်းထန်သော အစွန်းနှစ်ဖက်သို့ ကွဲပြားမှုကို ဖြစ်စေရန်လည်းကောင်း၊ သီးခြားအထီးကျန်ကဏ္ဍာတစ်ခုသဖွယ် ဖန်တီးပေးလိုက်သလို

ဖြစ်ကာ မျှော်လင့်ချက်ကုန်ဆုံးသော နေရာအဖြစ်လည်းကောင်း၊ လှုံ့ဆော်ပေးသော သတင်းမှားများ ထွက်ပေါ်ရန်လည်းကောင်း ပံ့ပိုးသလိုဖြစ်လာပေလိမ့်မည်။

ARSA က ရိုဟင်ဂျာအကြောင်းရင်းကြောင့် မြန်မာအစိုးရကိုသာ တိုက်ခိုက်နေခြင်းဖြစ်ပြီး ရခိုင်အရပ်သားများကို တိုက်ခိုက်နေခြင်းမဟုတ်ကြောင်းရှင်းပြနေသော်လည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များသည် မလွဲသာမရှောင်သာ အန္တရာယ်ရှိသည်သာဖြစ်ပြီး ၎င်းတို့ရည်ရွယ်သည်ကို အထောက်အကူမဖြစ်ပေ။ ARSA အနေဖြင့် ၎င်းတို့၏ တိုက်ခိုက်အကြမ်းဖက်မှုများအတွက် နိုင်ငံတကာ၏ ရှုတ်ချမှုကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ပြီး ၎င်း၏ တိုက်ခိုက်မှု စွမ်းရည်ကို တိုးတက်အောင်လုပ်ဆောင်လာပါက ရှုတ်ချမှုများပို၍ တိုးလာပါလိမ့်မည်။ မြန်မာအစိုးရကမူ ဩဂုတ်လ ၂၅ ရက်နေ့က နိုင်ငံ၏ ဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်။ ထိုသို့ကြေညာခဲ့ခြင်းကြောင့် ဥပဒေဆိုင်ရာ အကျိုးဆက်အချို့ရှိလာနိုင်သော်လည်း အစိုးရအား အကြမ်းဖက်အဖွဲ့အဖြစ် သံသယမရှိ ကြေညာရန် တောင်းဆိုနေသော အမျိုးသားရေးသမားများကိုတော့ အနည်းငယ်ကျေနပ်မှုပေးနိုင်လိမ့်မည် ဖြစ်သည်။ ထိုသို့ကြေညာလိုက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ၎င်းတို့ကို တိုက်ခိုက်ရာတွင် ပြည်တွင်းသောင်းကျန်းသူအဖွဲ့ကိုတိုက်နေခြင်းမဟုတ်ပဲ နိုင်ငံတကာအကြမ်းဖက်အဖွဲ့ကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း တိုး၍တင်ပြရေးသားပြောဆိုလာဖွယ်ရှိသည်။ အတိုချုပ်ဆိုရသော် အကြမ်းဖက်မှုကိုသာ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက ARSA ခေါင်းဆောင်များသည် ရိုဟင်ဂျာများအပေါ် လူမှုရေးအရ ခွဲခြားမှုများ၊ မျက်နှာသာမပေးမှုများကြောင့် ပို၍ ရက်စက်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံတလွှားတွင် မူဆလင်ဆန့်ကျင်ရေးစိတ်ဓါတ်များတိုးလာစေမည်ဖြစ်သည်။

ARSA များအနေဖြင့်က ၎င်းတို့၏ ယခုနောက်ဆုံးတိုက်ခိုက်မှုများသည် ၎င်းတို့ ၂၀၁၆ က လုပ်ခဲ့သလို ရိုဟင်ဂျာ ရွာသားများကို ကြီးစွာအန္တရာယ်ပေးမည့် အားကောင်းသော စစ်ရေးအရတုန့်ပြန်မှုများနှင့် နိုင်ငံရေးအရ နောက်ကြောင်းပြန်မှုဖြစ်စေရန် လှုံ့ဆော်ပေးလိုက်သလိုဖြစ်မည်ကို ကောင်းကောင်းသိရှိမည်ဖြစ်သည်။ သို့သော်လည်း ၎င်းတို့၏ ရည်ရွယ်ချက်ရှိမည်မှာ သေချာသလောက်ရှိသည်။ ၎င်းတို့သည် ရိုဟင်ဂျာများကို အကာအကွယ်ပေးနေသည်ဟု ဆိုနေသည့်တိုင် ၎င်းတို့၏ လုပ်ဆောင်မှုများသည် လုံခြုံရေးတပ်ဖွဲ့များက အင်အားအလွန်အကျွံသုံး၍ တုန့်ပြန်လာရန် လှုံ့ဆော်ပေးသလိုဖြစ်သည်ကို ၎င်းတို့သိရှိသည်။ ထိုသို့တုန့်ပြန်ခြင်းကြောင့် ရိုဟင်ဂျာလူထုကို ကမ္ဘာတစ်ခုတွင် ခွဲထုတ်လိုက်သလိုဖြစ်သွားကာ ARSA ကို ထောက်ခံလာရန် မျှော်မှန်းခြင်းဖြစ်ကာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စစ်ရေးအရ ကျူးလွန်မှုများအပေါ် ကမ္ဘာကြီး၏ မီးမောင်းထိုးကြည့်ရှုမှုကို ပြန်ရရန်ဖြစ်သည်။ နိုင်ငံရေးအရ မဟာဗျူဟာ၏ လွှမ်းခြုံမှုမပါပဲ အလွန်အကျွံစစ်ရေးအရ တုန့်ပြန်ဆောင်ရွက်ပါက ARSA ၏ ကစားကွက်အတွင်း တိုက်ရိုက်ကျဆင်းသွားနိုင်သည်။

ARSA သည် ဂျီဟတ်လုပ်ဆောင်နေသော အဖွဲ့ဝင်များဝတ်ဆင်သည့် ယူနီဖောင်းဝတ်ဆင်ထားသူများထံမှ သင်တန်းများလက်ခံရယူသည့် ညွှန်ပြနေမှုရှိသော်လည်း ARSA ၏ ရည်မှန်းချက်များ သို့မဟုတ် အဖွဲ့ဝင်များသည် နိုင်ငံတကာကို ဖြတ်ကျော်လုပ်ဆောင်လျက်ရှိသည့် ဂျီဟတ်အစီအစဉ်များကို ထောက်ခံသည်ဆိုသည့် အထောက်အထားများမရှိပေ။ ထိုသို့မရှိသော်လည်း မူဆလင်အုပ်စုအားလုံးကို ခါးသီးနေသူများ၊ မကျေမနပ်ခံစားနေရမှုများ၏ အထက်ကအတိုင်း သတ်မှတ်ပြောကြားနေမှုများကို ရပ်ပစ်နိုင်လိမ့်မည်တော့မဟုတ်ပေ။ အခြားတဖက်တွင်လည်း နောက်ထပ်ကြမ်းတမ်းသော စစ်ရေးအရတုန့်ပြန်မှုများနှင့် ဘင်္ဂလားဒေ့ရှ်ရှိစခန်းများသို့ အိုးမဲ့အိမ်မဲ့ထောင်ပေါင်းများစွာ ဆက်လက်ပို့ဆောင်နေဦးမည်ဆိုပါက နိုင်ငံတကာတွင် ဖြတ်ကျော်၍ ဂျီဟတ်လုပ်ဆောင်နေသူများက အခြေအနေကို အသုံးချသွားနိုင်သည့် အနေအထားကို ဖန်တီးပေးလိမ့်မည်။

ပဋိပက္ခ၏ အကြောင်းရင်းမြစ်ကို ကိုင်တွယ်ဖြေရှင်းခြင်းမပြုနိုင်သည်နှင့်အမျှ ပေးဆပ်ရမှုများမှာ တစ်ရက်ထက်တစ်ရက် တိုးလာလိမ့်မည်ဖြစ်သည်။ သက်ရောက်မှုများမှာ ရခိုင်ပြည်နယ်အပေါ်သာမက မူဆလင်ဆန့်ကျင်ရေးစိတ်ဓါတ်များနှင့် ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒတို့ နိုးထလျက်ရှိသော မြန်မာတစ်နိုင်ငံလုံးအပေါ်သို့ ကျရောက်လိမ့်မည်ဖြစ်ပြီး လူမျိုးအချင်းချင်းကြား ယိုင်နဲ့နဲ့ဆက်ဆံရေးကို ခြိမ်းခြောက်လျက်ရှိသည်။ အစိုးရအနေဖြင့် အရေးပေါ်လုပ်ဆောင်စရာ ကိစ္စရပ်များစွာရှိနေရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များစွာနှင့် ရှုပ်ထွေးနေသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ စီးပွားရေးကို ပဲ့ကိုင်ရမည့် လုပ်ငန်းအမျိုးမျိုး၊ ပြည်သူအားလုံး ပိုမိုသာယာဝပြောရေးအာမခံချက်ရှိရေးလုပ်ငန်းများ ပါဝင်နေသည်။ ရခိုင်ပြည်နယ်မှ ပဋိပက္ခသည် ပိုမိုနက်နဲလာလေလေ အစိုးရကလုပ်ဆောင်ရမည့် အခြားဦးစားပေးများကို ဘေးဖယ်ကာ ဤကိစ္စကို ဖြေရှင်းရန် ခြိမ်းခြောက်လာလေလေဖြစ်မည်ဖြစ်ပြီး ပြည်တွင်း၌ အခြေအတင်ငြင်းခုန်မှုများအပေါ်တွင်သာမက မြန်မာနိုင်ငံနှင့် နိုင်ငံတကာချိတ်ဆက်ဆက်ဆံရေးအပေါ်တွင်ပါ ဤကိစ္စက ဆက်လက်လွှမ်းမိုးနေတော့မည်ဖြစ်သည်။